# သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၊ လူကုန်ကူး ခံရသူများနှင့် အဓမ္မစေခိုင်းခံရသူများကို ကာကွယ်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့်အချိန်အခါမျိုးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ၌ မြန်မာနိုင်ငံအား အဆင့်(၂) စောင့်ကြည့်စာရင်းမှ အဆင့်(၃)သို့ လျှော့ချခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်မိပါသည်။

၂။ မြန်မာနိုင်ငံသည် အဆင့်(၂)စောင့်ကြည့်စာရင်း၏ စံနှုန်းများကို ပြည့်မီလျက်ရှိသော်လည်း လွန်ခဲ့သည့်လေးနှစ်တာကာလတွင် အဆင့်(၂)စောင့်ကြည့်စာရင်း၌ ဆက်လက်ရှိနေခဲ့ရာ သတ်မှတ်ချက်များအရ ယင်းသို့ဆက်လက်ထားရှိရန်မဖြစ်နိုင်တော့ခြင်းကြောင့် မြန်မာနိုင်ငံအား အဆင့်(၃) သို့ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း နားလည်ပါသည်။ အဆင့်(၃)စာရင်းဝင်နိုင်ငံများနှင့် သက်ဆိုင်သည့်ကန့်သတ်ချက်များသည် မြန်မာနိုင်ငံနှင့်အမေရိကန်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုများ မထိခိုက်စေရန်အတွက် ဆောင်ရွက်မှုများပြုလုပ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အထူးသဖြင့် လူကုန်ကူးမှုကိုဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးကို မထိခိုက်စေလိုပါ။

၃။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စရပ်များကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ကဏ္ဍများစွာ၌ သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိနေ ပါသည်။ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက်ထူထောင်ထားသည့် အိုင်အယ်လ်အို တိုင်ကြားမှု ယန္တရားသည် လုပ်ငန်းများအောင်မြင်လျက်ရှိပါသည်။ မည်သူ့ကိုမဆို အဓမ္မခိုင်းစေမှု ပြုလုပ်ပါက ရာဇဝတ်မှုကျူးလွန်ရာရောက်ပြီး ဥပဒေကြောင်းအရလည်းကောင်း၊ လက်တွေ့တွင်လည်းကောင်း၊ ပြင်းထန်စွာအပြစ်ပေးခံရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂ စောင့်ကြည့်အစီရင်ခံရေးလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းလျက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်ဘက်တွင်စုဆောင်းခြင်းနှင့် အသုံးပြုခြင်းတို့ကို တားဆီးကာကွယ်ရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်မှုသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အိန္ဒိယသမုဒ္ဒရာအတွင်း မျောပါနေခဲ့သည့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာသူများအား မြန်မာနိုင်ငံမှ ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ပင်ရင်းနိုင်ငံဖြင့် ပူးပေါင်းဆောင်ရွက်လျက် ၎င်းတို့၏ဆန္ဒဖြင့် ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူအများစုမှာ မြန်မာနိုင်ငံမှ မဟုတ်ကြောင်းလည်း သက်သေပြခဲ့ပြီးဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများတွင် အထူးသဖြင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းများလည်း ကောင်းစွာအောင်မြင်လျက်ရှိပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ပြည့်စုံသောဥပဒေ မူဘောင်တစ်ရပ်ရှိနေပြီး ဥပဒေလိုက်နာအကောင်အထည် ဖော်မှုဆိုင်ရာ စွမ်းဆောင်ရည်များလည်း တိုးတက်အောင်ဆောင်ရွက်ထားပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်၊ လူကုန်ကူးမှုအစီရင်ခံစာတွင် ပါရှိသည့်အကြံပြုချက်များကို အလေးအနက်ထားစဉ်းစားလျက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုကိစ္စရပ်များကို နိုင်ငံတကာမိတ်ဖက်များနှင့်နီးကပ်စွာပူးပေါင်း၍ အားသွန်ခွန်စိုက်ဖြေရှင်းသွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်။
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်